**"၂၀၁၉ - ခုနှစ် အတွင်းမန္တလေးသင်ကြားရေးတိုင်းရင်းဆေးရုံကြီး**

**အနာပေါက်ကုသရေးဌာနမှ အနာပေါက်ရောဂါများကိုလေ့လာခြင်း"**

ဦးသံချောင်း (တဆ - ၆၃၉)

ဒုတိယဆေးရုံအုပ် - မန္တလေးသင်ကြားရေးတိုင်းရင်းဆေးရုံကြီး

တွဲဖက်စာတမ်းရှင်များ

၁။ ဒေါ်သိန်းထိုက် (ဒု-တိုင်းရင်းဆေးမှူး၊ မန္တလေးသင်ကြားရေးတိုင်းရင်းဆေးရုံကြီး)

၂။ ဒေါ်ချို (ဒု-တိုင်းရင်းဆေးမှူး၊ မန္တလေးသင်ကြားရေးတိုင်းရင်းဆေးရုံကြီး)

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ မန္တလေးသင်ကြားရေး တိုင်းရင်းဆေးရုံကြီး၊ အနာပေါက်ရောဂါကုသပညာဌာနသို့ အတွင်းလူနာ (၂၂၂) ဦးနှင့်အနာပေါက်ရောဂါ အမျိုးအစား (၁၉) မျိုးခန့် တက်ရောက်ခဲ့ပါသည်။ အများဆုံးလာရောက်ကုသသော အနာပေါက်ရောဂါများ၊ အနည်းဆုံး လာရောက် ကုသသော အနာပေါက်ရောဂါများ၊ ပျောက်ကင်းသက်သာမှု ရာခိုင်နှုန်း အများဆုံး အနာပေါက်ရောဂါများ၊ ပျောက်ကင်းသက်သာ ရာခိုင်နှုန်း အနည်းဆုံးလာရောက်ကုသသော အနာပေါက်ရောဂါများကို လေ့လာသော စာတမ်းဖြစ်ပါသည်။

အနာပေါက်ရောဂါများကို ကုသရာတွင် ပျောက်ကင်းမှုရာခိုင်နှုန်း ၆၀ အထက်ကျော်သော ရောဂါများမှာ လိပ်ခေါင်းနာ၊ ဂရင်ဂျီနာရောဂါနှင့် အနာ့ပဆုပ်ရောဂါတို့ဖြစ်ပါသည်။ ကုသပျောက် ကင်မှုအနည်းဆုံး အနာပေါက်ရောဂါများမှာ ဦးခေါင်း၌ဖြစ်သော ရောဂါများနှင့်နား၊ နှာခေါင်း ရောဂါများ စသည်တို့ဖြစ်ပါသည်။ အနာပေါက်ကုသ ပညာဌာနသို့ တက်ရောက်ကုသမှုအနည်းဆုံး အနာပေါက်ရောဂါများမှာ လိပ်ခေါင်းရောဂါ၊ အကျိတ်နာရောဂါနှင့် ဂရင်ဂျီနာရောဂါများ စသည်တို့ ဖြစ်ပါသည်။ တက်ရောက်ကုသမှုအနည်းဆုံး အနာပေါက်ရောဂါများမှာ ဦးခေါင်း၌ဖြစ်သော ရောဂါများ နှင့် နား၊ နှာခေါင်းရောဂါများ စသည်တို့ဖြစ်ပါသည်။ အနာပေါက် ရောဂါဌာနသို့ တက်ရောက် ကုသသော လူနာများမှာ ဆေးရုံတက်ရက် အနည်းဆုံး(၁၄) ရက်၊ အများဆုံး(၉၀) ရက်နှင့် ပျမ်းမျှ (၅၂) ရက်ခန့် တက်ရောက်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။